# မြန်မာနိုင်ငံအတွင်း ခိုင်မာသောအချက်အလက်များကို အခြေပြုသည့် လူအများပါဝင်နိုင်သည့် မူဝါဒရေးဆွဲခြင်းဆီသို့

*အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကမ္ဘာ့ဘဏ် တို့ပူးပေါင်းဆောင်ရွက်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးတိုးချဲ့ခြင်းဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ*



## လူမှုကာကွယ်စောင့်ရှောက်ရေး - အမျိုးသားအဆင့်ဦးစားပေး

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ တိုးချဲ့ရန်မှာ မြန်မာနိုင်ငံ အတွက် ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာပြီး၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် တွင်ပါဝင်သည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အဓိကအစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါသည်။ ၂၀၁၂ခုနှစ် ဖွန်လ အတွင်း ကျင်းပခဲ့သော "အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး အစည်းအဝေး" တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်မှ ကျန်းမာရေး စောင့်ရှောက်မှုများကို လက်လှမ်းမီ နိုင်ရန်နှင့် ဝင်ငွေလုံခြုံမှုရှိစေရန် အားလုံးအကျုံးဝင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ခု ဖော်ဆောင်ရန် အဆိုပြု ခဲ့ပါသည်။ ထို့အပြင် အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများ နှင့်ကိုက်ညီသော ကျယ်ပြန့်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး များကို စီမံခန့်ခွဲမည့် အမျိုးသားအဆင့် အဖွဲ့တစ်ခု တည်ထောင်ရန် ဆွေးနွေးခဲ့ပါသည်။ အထက်ပါ အခြေအနေ များအရ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် (RDSF) အကောင်ထည်ဖော်ဆောင်ရွက်ရေး၊ အားလုံးလွှမ်းခြုံနိုင်သည့် ကျန်းမာရေး စောင့်ရှောက်မှု (UHC) ဆိုင်ရာ ဆွေးနွေးမှုများ နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ စီမံချက် (SPSP) တို့ကိုဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ လူမှုကာကွယ် စောင့်ရှောက်ရေး တိုးချဲ့ရာတွင် အားလုံးပါဝင်နိုင်သော ခိုင်မာသည့် အချက်အလက် အခြေပြု မူဝါဒရေးဆွဲခြင်းအား အသုံးပြုထားပြီး၊ ၎င်းသည် အသင်းအဖွဲ့များအကြား ဆက်ဆံရေးကို ခိုင်မာစေ ပါသည်။



## အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့်ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကမ္ဘာ့ဘဏ်[1] တို့သည် ဆောင်ရွက်မည့် လုပ်ငန်းများ ထပ်မနေရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အကဲဖြတ်ချက်အခြေပြုအမျိုးသားအဆင့်ဆွေးနွေးခြင်း (ABND)နှင့် ကမ္ဘာ့ဘဏ်၏ လူမှုကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်ချက် (SPA)တို့ကို အတူတကွပေါင်းစည်းခဲ့ပါသည်။ အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် ဘဝတစ်သက်တာ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ မှတဆင့် ခိုင်မာသည့် အချက်အလက်များကို မြန်မာ့မူဝါဒများရေးဆွဲရာတွင် ထည့်သွင်းအသုံးပြုရန်ဖြစ်ပါသည်။




[1]ယင်းအဆင့်တွင်အေဂျင်စီအများအပြားပါဝင်ဆောင်ရွက်ခဲ့ပြီး SPAအတွက် UNOPS-LIFT, Save the Children, HelpAge international and ActionAid, IOM, နှင့် ကုလသမဂ္ဂအေဂျင်စီအများအပြား၊အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သွင်းအားစုများနှင့်လုပ်ငန်းနှင့်ပတ်သက်သော သင်ခန်းစာများကို ထောက်ပံ့ပေးထားပါသည်။ ABND တွင်ပါဝင်သူများကို စုံလင်စွာသိရှိလိုပါက - http://myanmar.social-protection.org

## ပိုမိုအကျိုးသက်ရောက်စေရန် စုပေါင်းဆောင်ရွက်ခြင်း

အဖွဲ့အစည်းများအကြား အချက်အလက်များစုဆောင်းရသည့် တာဝန်များကိုမျှဝေနိုင်ရန်နှင့် အလွန်အမင်း တာဝန်ပိခြင်းများကို ရှောင်ရှားနိုင်ရန် နည်းစနစ်များကို ပေါင်းစပ်၍ ခိုင်မာသောလုပ်ငန်းအစီအစဉ်များဖော်ဆောင်ခဲ့ပါသည်။ ကောက်ယူစုဆောင်းထားသော သတင်း အချက်အလက် များကို အကဲဖြတ်ချက်အခြေပြု အမျိုးသားအဆင့်ဆွေးနွေးခြင်း (ABND) မှတဆင့် ကျယ်ကျယ်ပြန့်ပြန့်မျှဝေနိုင်ခဲ့ပါသည်။ အဆိုပါ အချက်အလက်များ သည် ပြည့်စုံသည့်အတွက် ပါဝင်ဆောင်ရွက်သူအများစုအသုံးပြုနေသော ကိန်းဂဏန်းများအကြား ကွာဟမှု မရှိစေရန် ကူညီနိုင်ခဲ့သည်။ ထို့အပြင် ရလဒ်အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလွှမ်းခြုံမှုအား စောင့်ကြည့်ရေးလုပ်ငန်းစဉ်အတွက်အခြေခံသဘောတူညီမှုတစ်ခုရရှိခဲ့ပါသည်။




မတူညီသော နည်းပညာဆိုင်ရာအကဲဖြတ်ချက်များ မျှဝေခြင်းကို အားပေးသည့် အကဲဖြတ်ချက်အခြေပြု အမျိုးသားအဆင့် ဆွေးနွေးခြင်း (ABND) သည် လူမှုကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်ချက် (SPA) ၏ ရလဒ်များ ကို ဆွေးနွေးရန် အတွက် အခြေခံဖြစ်ပါသည်။ အလားတူ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများကို အကဲဖြတ်ထားသည့် လူမှုကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်ချက် (SPA) သည် လွှမ်းခြုံမှု ကွာဟချက်များကို ကျဉ်းမြောင်းစေမည့် မူဝါဒ ရွေးချယ်ခွင့်များကို ရေးဆွဲ ထားသော ABND ၏ ဒုတိယအဆင့်အတွက် ပြန်လည် အထောက်အကူ ပြုခဲ့သည်။

အဆိုပါလုပ်ငန်းစဉ်နှစ်ရပ်အားပေါင်းစည်းဆောင်ရွက်ခြင်း အား ဖြင့် ဘဝတစ်သက်တာ လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အခြေခံရပိုင်ခွင့်များ ဖော်ဆောင်ရန် နည်းလမ်းအမျိုးမျိုးနှင့် မူဝါဒရွေးချယ်မှုများ၏ အကျိုးဆက်များကိုပွင့်လင်းစွာ ဆွေးနွေးနိုင် ခဲ့သည်။ ဆွေးနွေးပွဲ ကျင်းပခြင်းသည် အသိပညာ မျှဝေနိုင်ပြီး၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရာတွင် အထောက်အကူ ပြုစေပါသည်။

### ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုများ

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် နှင့် ကမ္ဘာ့ဘဏ်တို့သည် လုပ်ငန်းများ အတူတကွဆောင်ရွက်နိုင်ရန် ပူးပေါင်းခဲ့ပါသည်။

⇒ အတူတကွဆောင်ရွက်မှုများ။ မြန်မာနိုင်ငံအတွင်းရှိ အဓိကလူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များအား ကနဦးခွဲခြား သတ်မှတ်ခြင်းကို လူမှုကာကွယ်စောင့်ရှောက်ရေးအကဲဖြတ်ချက် (SPA) ဖြင့်လုပ်ဆောင်ခဲ့ပါသည်။ အထူးသဖြင့် အကဲဖြတ်ချက်အခြေပြု အမျိုးသားအဆင့်ဆွေးနွေးခြင်း (ABND) ၏ အကဲဖြတ်ချက်ဇယားတွင် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသောအစီအစဉ်များအား အသေးစိတ်ဖြည့်စွက်နိုင်ခဲ့သည်။ ထို့အပြင် အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ အချက်အလက်များအား အတူတကွကောက်ယူခဲ့ပြီး၊ လူမှုကာကွယ်စောင့်ရှောက်ရေးအကဲဖြတ်ချက် (SPA)၊ အကဲဖြတ်ချက်ဇယားနှင့် ကုန်ကျစရိတ်အလျင်အမြန်အကဲဖြတ်တွက်ချက်နည်း (RAP) များအတွင်း ဖြည့်သွင်းခဲ့ပါသည်။

⇒ ဖြည့်စွက်ဆောင်ရွက်မှုများ။ မြန်မာနိုင်ငံအတွင်း လက်ရှိဆောင်ရွက်နေသော လူမှုကာကွယ်စောင့်ရှောက်ရေး ပေးအပ်ခြင်းစနစ်များကို ကမ္ဘာ့ဘဏ်သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ UNOPS-LIFTနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး အသေးစိတ်အကဲဖြတ်ခဲ့ပါသည်။ အဆိုပါအကဲဖြတ်ခြင်းသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အလျင်အမြန်အကဲဖြတ်တွက်ချက်နည်းဖြင့် တွက်ချက်ဆန်းစစ်မည့် မူဝါဒရွေးချယ်မှုများအား ပုံဖော်ရာတွင် အထောက်အကူပြုခဲ့သည်။ လူမှုကာကွယ်စောင့်ရှောက်ရေးအကဲဖြတ်ချက် (SPA) မှ ကောက်ယူခဲ့သောအချက်အလက်များသည် အကဲဖြတ်ချက်အခြေပြု အမျိုးသားအဆင့် ဆွေးနွေးခြင်း (ABND) လုပ်ငန်းစဉ်အတွက် အသုံးဝင်သောနည်းပညာဆိုင်ရာသွင်းအားစုများကို ပေးအပ်နိုင်ခဲ့ပါသည်။

လုပ်ငန်းစဉ်နှစ်ရပ်စလုံးတွင် ပုံမှန်ညှိနှိုင်းဆွေးနွေးပွဲများနှင့် သက်ဆိုင်သူများအတွက်အလုပ်ရုံဆွေးနွေးပွဲများ ဖြစ်မြောက်အောင် တွဲဖက်ဆောင်ရွက်ခြင်းများ ပါဝင်ခဲ့ပါသည်။

## အခြားနိုင်ငံများတွင် ပြန်လည်အသုံးချနိုင်သော အတွေ့အကြုံ

မြန်မာ့လူမှုကာကွယ်စောင့်ရှောက်ရေးတိုးချဲ့ရန် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကမ္ဘာ့ဘဏ် တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် SPIAC-B အဖွဲ့ဝင်အေဂျင်စီများအတွက် နည်းစနစ်များ ပေါင်းစပ်ဆောင်ရွက်နည်း၊တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်နည်းနှင့် အသိပညာများကို မျှဝေနိုင်ခြေရှိပါသည်။

### လူမှုကာကွယ်စောင့်ရှောက်ရေးအေဂျင်စီများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SPIAC-B)

လူမှုကာကွယ်စောင့်ရှောက်ရေးအေဂျင်စီများအချင်းချင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို အင်အားကြီးနိုင်ငံ၂၀(G20) ဖွံ့ဖြိုးရေးအလုပ်အဖွဲ့၏ တောင်းဆိုမှုအရ တည်ထောင်ခဲ့ပါသည်။ ဤအဖွဲ့ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့မှ ပူးတွဲဦးဆောင်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံသဘောတူ ကိုယ်စားလှယ်များ ဖြင့်ဖွဲ့စည်းထားပါသည်။ အဖွဲ့၏ရည်ရွယ်ချက်မှာ နိုင်ငံတွင်း လိုအပ်ချက်များအရ ဆောင်ရွက်နေသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအပေါ် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ခံအားပေးမှု ခိုင်မာလာစေရန်အတွက် ညှိနှိုင်းပေးရန် ဖြစ်ပါသည်။

⇒ **နည်းစနစ်။** နိုင်ငံတစ်နိုင်ငံချင်းစီ၏အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် လွယ်ကူစွာပြင်ဆင်နိုင်ခဲ့ပြီး၊ အဆင့်များအားအတူတကွ သတ်မှတ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏အတွေ့အကြုံများအရ လုပ်ငန်းစဉ်နှစ်ရပ်စလုံးသည် ဘက်ပေါင်းစုံပါဝင်ပြီး နိုင်ငံတစ်ခုချင်းစီ၏ အခြေအနေအလိုက် လိုက်လျောညီထွေဖြစ်စေနိုင်ကြောင်း တွေ့ရှိရပါသည် (ဆိုလိုသည့်အဓိပ္ပါယ်မှာ အရေးပေါ်ကိစ္စများနှင့်ဆိုင်သော၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများက ဆောင်ရွက်လေ့ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးမှသည် အစိုးရဦးဆောင်သော ပဋိပက္ခနှောင်းပိုင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆီသို့ အသွင်ကူးပြောင်းရာတွင် လိုအပ်သည့် မိတ်ဖက်များ တည်ဆောက်ခြင်း၊ အကဲဖြတ်ချက်အခြေပြု အမျိုးသားအဆင့်ဆွေးနွေးပွဲ (ABND) ဖြင့် သဘောတူညီမှုရယူခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးအကဲဖြတ်ချက် (SPA) လုပ်ငန်းစဉ်များ၏ အချက်အလက်ရှာဖွေခြင်းနှင့် မျှဝေရာတွင်အသုံးပြုခဲ့ပါသည်။)

⇒ **တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ခြင်း။** (၁၈)လကြာ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အဆင့်များကိုလိုက်လျောညီထွေရှိစေရန် အထူးဂရုပြုထား၍ ခိုင်မာသည့်အချက်အလက်များကိုအခြေပြုသော လူမှုကာကွယ်ရေးစောင့်ရှောက်ရေးမူဝါဒများ ချဲ့ထွင်ဆောင်ရွက်ရန် ဆန္ဒရှိသည့် နိုင်ငံများအတွက် စတင်နိုင်သည့် အမှတ်တစ်ခု ဖြစ်စေပါသည်။

⇒ **အသိပညာမျှဝေခြင်း။** မြန်မာ့အတွေ့အကြုံမှ ရရှိခဲ့သောသင်ခန်းစာများကို မြန်မာနိုင်ငံအတွင်း အမျိုးသားအဆင့်အခမ်းအနားများနှင့် အခြားနိုင်ငံများအတွက် သီးခြားအင်တာနက်စာမျက်နှာမှ တဆင့်မျှဝေပေးခဲ့ပါသည်။ (http://myanmar.social-protection.org)

⇒ **မူဝါဒ ရလဒ်များ။** လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက် (SPSP) ဖော်ဆောင်ရေးအတွက် သွင်းအားစုများနှင့် လုပ်ငန်းစဉ်များသည် အထောက်အကူဖြစ်စေခဲ့ပြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် (RDSF) အကောင်အထည်ဖော်ခြင်းနှင့် အားလုံး လွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု (UHC) ဆိုင်ရာ ဆွေးနွေးမှုများအတွက် ဆက်လက်အထောက်အကူပြုလျက်ရှိပါသည်။ စိန်ခေါ်မှုများအဖြစ်ရှိနေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးဦးစားပေးလုပ်ငန်းများ၏ ဘဏ္ဍာရေးအကျိုးသက်ရောက်မှုကို ဆန်းစစ်ရန်၊ အကဲဖြတ်ချက်အခြေပြု အမျိုးသားအဆင့် ဆွေးနွေးပွဲ (ABND) မှတဆင့် ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊ နောင်လာမည့် လူမှုကာကွယ် စောင့်ရှောက်ရေးအကဲဖြတ်ချက် (SPA) ဆွေးနွေးပွဲများ၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အခြေခံအဖြစ် အသုံးပြုနိုင်ပါသည်။


**International Labour Organization**

**Liaison Office in Myanmar**

www.social-protection.org

**World Food Programme**

**Yangon Country Office**

WFP.Yangon@wfp.org

**The World Bank**

**Yangon Office**

myanmar@worldbank.org

ယခုစာစောင်ကို **Lou Tessier (tessier@ilo.org), Mariana Infante-Villarroel (ainfantevillarro@worldbank.org) and Torsten Flyng (torsten.flyng@wfp.org)** တို့ ပူးပေါင်းရေးသားထားပါသည်။